အလ်ဟိဇ္ဗုလ်အအ်ဇမ် ၁

အလ္လာဟ်အချစ်တော်ဖြစ်နိုင်သော

# ကျင့်စဉ်လေးရပ်

ဟောကြားသူ

အာရိဖ်ဗိလ္လာဟ် မော်လာနာ ဟကီးမ် မုဟမ္မဒ် အခ်သရ် ဆွာဟိဗ်

ပြန်ဆိုသူ

မော်လဝီ ဟာဖိဇ် မုဟမ္မဒ်ရှကီးလ် (မြေနီကုန်း)

စီစဉ်သူ

မော်လဝီ ဟာဖိဇ် မုဟမ္မဒ် ဆွာလေဟ် ဟာရှင်မ် (ဘိုဒီ)

ROYAL ROSE - 124, 33st.

ကလ်အိဆ္လာဟ်

# الإصلاح

## အလ္လာဟ်အချစ်တော်ဖြစ်နိုင်သော

# ကျင့်စဉ်လေးရပ်

ဟောကြားသူ

အာရိဖ်ဗိလ္လာဟ် မော်လာနာ ဟကီးမ် မုဟမ္မဒ် အခ်သရ် ဆွာဟိဗ်

မြန်ဆိုသူ

မော်လဗီ ဟာဖိဇ် မုဟမ္မဒ်ရှကီးလ် (မြေနီကုန်း)

စီစဉ်သူ

မော်လဗီ ဟာဖိဇ် မုဟမ္မဒ် ဆွာလေဟ် ဟာရှင်မ် (ဘိုဒီ)

# حفاظتِ نظر

پاگل کی طرح پھرتے ہیں عُشاقِ مجازی
بے چین ہیں دن رات یہ بدنام زمانہ

رہنا ہے اگر چین سے سُن لو یہ مری بات
آنکھوں کو حسینوں کی نظر سے نہ ملانا

اختر کی یہ اِک بات نصیحت کی سُنو تم
ان مُردہ حسینوں سے کبھی دل نہ لگانا

عارف باللہ حضرتِ اقدس مولانا شاہ حکیم محمد اختر صاحب دامت برکاتہم

တော်ဝင်နှင်းဆီ
ကွန်ပျူတာသင်တန်း၊ အစ္စလာမ်ဘာသာရေးစီဒီ၊ ဆော့ဖ်ဝဲ နှင့် ဂရပ်ဖစ်ဒီဇိုင်း
အမှတ်-၁၂၄၊ ၃၃ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

## အလ္လာဟ့်အချစ်တော်ဖြစ်နိုင်သော

# ကျင့်စဉ်လေးရပ်

အောက်တွင်ဖော်ပြမည့် အမလ်ကျင့်စဉ် (၄) ရပ်အပေါ် ကျင့်သုံးသူသည် အင်န်ရှာအလ္လာဟ်၊ အလ္လာဟ့်အချစ်တော်ဖြစ်၍ လောကကြီးကိုစွန့်ခွာသောအခါ အလ္လာဟ်အချစ်တော်အဖြစ် စွန့်ခွာရမည်။ ဤကျင့်စဉ်များကြောင့် ဒီးန်သာသနာတစ်ခုလုံးအပေါ် ကျင့်သုံးရန် လွယ်ကူမည်ဖြစ်သည်။ သို့သော် ဤအမလ်ကျင့်ရပ်များကို နဖ်စ်စိတ်ရိုင်းအပေါ် လေးလံသဖြင့် ကျင့်သုံးရန်ခက်ခဲသည်ဟု ထင်ရသော်လည်း အမှန်တကယ်မှာ လွယ်ကူလှပေသည်။ ခက်ခဲသောမေးခွန်းများကို ဖြေဆိုနိုင်သော ကျောင်းသားအတွက် လွယ်ကူသောမေးခွန်းမှာ ဘာမှမပြောလောက်ပေ။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်နှစ်သက်စေရန် စိတ်ရိုင်းကို အကျပ်ကိုင်ကာ အောက်ပါအမလ်ကျင့်စဉ်များကို ကျင့်ကြံပါက သာသနာတစ်ရပ်လုံးအပေါ် ကျင့်သုံးရန် လွယ်ကူမည့်အပြင် ထိုသူသည် အလ္လာဟ့်အချစ်တော်ပါ ဖြစ်သွားပေမည်။

# အမှာစာ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

﴿حامدا ومصليا ومسلما﴾

ဝေလာယသ် (ခေါ်) အလ္လာဟ်အရှင်မြတ်၏ အချစ်တော်ဖြစ်ခြင်း နှစ်မျိုး နှစ်ဆင့်ရှိပါသည်။ တစ်ဆင့်ကို 'ဝေလာယသေအာမ္မဟ်' ဟူ၍ ခေါ်ဆိုပါသည်။ ၎င်းအဆင့်သည် အီမာန်ရှင်တိုင်းရရှိထားသည့် သာမန်အဆင့်ဖြစ်သည်။ နောက်တစ်ဆင့်မှာ 'ဝေလာယသေခါဆ်ဆဟ်' ဖြစ်သည်။ ၎င်းအဆင့်သည် အလ္လာဟ်အရှင်မြတ်၏အထူးချစ်ခင်မှုကို ရရှိသောအဆင့်ဖြစ်သည်။ ၎င်းအဆင့်ကိုရရှိနိုင်ရန် ကျမ်းတော်မြတ်ကုရ်အာန်တွင် စည်းကမ်းချက် သတ်မှတ်ထားသည်မှာ ﴿الذين امنوا وكانوا يتقون﴾ အီမာန်ရှင်လည်းဖြစ်ရမည်၊ သက္ကဝါရှင်လည်းဖြစ်ရမည်။ ကျေးဇူးရှင် ဆရာသခင် အကြီးအကဲ ဟဇရသ် မော်လာနာ ဟကီးမ် မုဟမ္မဒ်အခ်သရ်ဒါမသ်ဗရကာသုဟူးမ်သည် မော်လာနာ အရှ်ရဖ်အလီ ﴿رحمة الله عليه﴾ ၏ ခလီဖဟ်ဖြစ်သော မော်လာနာ အဗ်ရာရုလ်ဟတ်(က်) ဒါမသ် ဗရကားသုဟူမ်း၏ ခလီဖဟ်ကြီးဖြစ်သည်။ မျက်မှောက်ခေတ်တွင် အုမ္မသ်ထုတစ်ရပ်လုံးအပေါ် အလွန်သောကထား၍ ဆုံးမပဲ့ပြင်ပေးသော ဆရာကြီး တစ်ပါးဖြစ်ရုံတင်မက အတွင်းပြုပြင်ရေးကဏ္ဍ၌ အလွန်ထင်ရှားကျော်ဇောသော သူတော်စင်ပုဂ္ဂိုလ်ကြီးတစ်ပါးဖြစ်သည်ကို ကမ္ဘာတစ်ဝှမ်း၌ မသိသူမရှိသလောက်ပင်ဖြစ်ပါသည်။ ဆရာသခင်ကြီးသည် အလ္လာဟ့်အချစ်တော် အထူးအဆင့်ကိုရရှိစေမည့် ဆောင်ရွက်ချက်လေးရပ်ကို ကျွန်ုပ်၏ ချစ်တပည့် မော်လဝီ ဟာဖိဇ် ဆွာလေဟ်ဘိုဒီမှ ဘာသာပြန်၍ အလ်အစ္စလာတ် စာစောင်အဖြစ် ထုတ်ဝေတင်ပြထားပါသည်။ ထို့အတူ ဆရာသခင်ကြီး၏ မိန့်မှာချက်များကို လစဉ်ထုတ်ဝေ တင်ပြသွားမည်ကိုလည်း သိရှိရပါ၍ အလွန်ဝမ်းမြောက်မိပါသည်။ အလ္လာဟ်အရှင်မြတ်သည် စာရေးသူ စာရှုသူအားလုံးကို ဗရကာသ်သက်ရောက်မှု ချီးမြှင့်ပေးသနားတော်မူပါစေ။

အာမီးန် (ယားရဗ္ဗလ်အားလမီးန်)

မူဟမ္မဒ် အီဒရီး(စ်)

ရွှေဆောင်ဆရာ မဒါးပလီ

## (၁) လက်တစ်ဆုပ်စာ မုတ်ဆိတ်ထားခြင်း

ဗုခါရီကျမ်းလာ ဟဒီးဆ်တစ်ရပ်မှာ-

خَالِفُوا الْمُشْرِكِيْنَ وَفِّرُوا اللِّحَى وَاَحْفُوا الشَّوَارِبَ

وَكَانَ بن عمر اِذَا حَجَّ اَوِ اعتمر قبض على لِحيته

فَمَا فَضَلَ اَخَذَهُ

﴿بخارى ج ٢ باب تَقْلِيمِ الأظْفَارِ ص ٨٧٥﴾

**အဓိပ္ပာယ်။** ။ မုရှ်ရိစ်က်များကို ဆန့်ကျင်ကြပါ။ မုတ်ဆိတ်ကို ရှည်စေ၍ နှုတ်ခမ်းမွှေးကို ဖြတ်ပစ်ကြပါ။ ဟဇ်ရသ် အိဗ်နုအုမရ် ﷺ သခင်ဟဂျ် (သို့မဟုတ်) အုမ်ရဟ်ပြုလုပ်သောအခါ မိမိမုတ်ဆိတ်ကို လက်ဖြင့်ဆုပ်ကိုင်ကာ (လက်တစ်ဆုပ်ထက်) ရှည်နေသော မုတ်ဆိတ်ကို ညှပ်ပစ်တော်မူ၏။

ဗုခါရီကျမ်း၏နောက် ဟဒီးဆ်တော်တစ်ရပ်တွင် ကိုယ်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ . . . .

اِنْهَكُوا الشَّوَارِبَ وَاَعْفُوا اللُّحَى

﴿نخارى ج ٢ باب اعفاء اللحى ص ٨٧٥﴾

**အဓိပ္ပာယ်။** ။ နှုတ်ခမ်းမွှေးကို ပါးပါးညှပ်ပစ်၍ မုတ်ဆိတ်ကို ရှည်အောင်ထားကြပါ။

ဝိသိရ်နမာဇ် ဝါဂျိဗ်ဖြစ်သကဲ့သို့ ဝါကျွတ်အီးဒ်နမာဇ်နှင့် ကုရ်ဗာနီ အီးဒ်နမာဇ်များ ဝါဂျိဗ်ဖြစ်သကဲ့သို့ လက်တစ်ဆုပ်စာ

မုတ်ဆိတ်ထားခြင်းလည်း ဝါဂိုဗ်ဖြစ်သည်။ ဤသည်နှင့်ပတ်သက်၍ အီမာမ်လေးပါးစလုံးက တညီတညွတ်တည်း ဝါဂိုဗ်ဖြစ်ကြောင်း ဆုံးဖြတ်ကြ၏။ ကွဲလွဲမှုမပြုကြပါ။ အလ္လာဟ်မဟ်ရှာမီ ﴿رَحْمَةُ اللهِ عَلَيْهِ﴾ က ရေးသားထားသည်မှာ–

اَمَّااَخْذُ اللِّحيَةِ وَهِىَ مَادُوْنَ الْقُبْضَةِ كَمَايَفْعَلُهُ بَعْض
الْمَغَا رِبَةِ وَمُخَنَّثَةُ الرِّجَالِ فَلَمْ يُبِحْهُ اَحَدٌ

﴿شامی جلد۲ ص ۱۲۳﴾

အဓိပ္ပာယ်။ ။ အနောက်တိုင်းသားများနှင့် မိန်းမလျှာများကဲ့သို့ မုတ်ဆိတ်ကို လက်တစ်ဆုပ်ထက်လျော့၍ထားခြင်း မည်သည့်အီမာမ် ထံတွင်မှ မပိုင်ပေ။

ဟကီမွလ်အုမ္မသ်၊ မုဂျဒ္ဒိဒေမစ်လ်လက်သ် ဟဇ်ရသ်မော်လာနာ အရှ်ရဖ်အလီ ထာနဝီ ﴿رَحْمَةُ اللهِ عَلَيْهِ﴾ က ဗဟဲရှ်သီဇေဝရ်ကျမ်း အတွဲ(၁၁) စာမျက်နှာ (၁၁၅) ၌ ရေးသားဖော်ပြထားသည်မှာ– မုတ်ဆိတ်ရိတ်ခြင်း (သို့မဟုတ်) လက်တစ်ဆုပ်မပြည့်မီ ညှပ်ခြင်း၊ နှစ်မျိုးလုံး ဟရာမ်ဖြစ်သည်။ မေးစေ့အောက်မှ လက်တစ်ဆုပ်စာ ဖြစ်ရန် လိုသကဲ့သို့ မျက်နှာ၏ ဘေး ဘယ် ညာနှစ်ဖက်စလုံးမှလည်း လက်တစ်ဆုပ်စာဖြစ်ရန် အရေးကြီးသည်။ အထူးသတိပြုရန်မှာ မျက်နှာ၏သုံးဖက်လုံးမှ လက်တစ်ဆုပ်စာ မုတ်ဆိတ်ထားရန် ဝါဂျိဗ် ဖြစ်ပေသည်။ အကယ်၍ တစ်ဖက်ဖက်မှ လက်တစ်ဆုပ်စာထက် စပါးစေ့ခန့်မျှလျော့၍ ညှပ်ထားလျှင်လည်း ဤသည်မှာ ဟရာမ်ဖြစ်၍ အလွန်ကြီးလေးသော အပြစ်ထိုက်၏။

✿✳✿

## ၂။ ခြေမျက်စိကို ဖော်ထားခြင်း

အမျိုးသားများ ခြေမျက်စိဖုံးလျက် ဝတ်စားဆင်ယင်ခြင်း ဟရာမ်ဖြစ်၍ ကြီးလေးသော အပြစ်ထိုက်၏။ ဗုခါရီကျမ်းမှ ဟဒီးဆ်တော်တစ်ပုဒ်မှာ

﴿ مَاأَسفَلَ مِنَ الْكَعْبَيْنِ مِنَ الْاِزَارِ فِى النَّارِ ﴾

﴿ بخارى ج ٢ ص ٨٦١ باب مَاأَسفَلَ مِنَ الْكَعْبَيْنِ فَفِى النَّارِ ﴾

ဘောင်းဘီ၊ လုံချည်၊ အင်္ကျီရှည်၊ ပင်ရှိအဝတ်စ၊ စောင်စသည်တို့ဖြင့် ခြေမျက်စိဖုံးနေလျှင် ထိုဖုံးနေသော အစိတ်အပိုင်းမှာ ဂျဟန္နမ်ငရဲမီးသို့ ကျမည်ဖြစ်သည်။ သေးငယ်သောဂုနာဟ်နှင့် ပတ်သက်၍ ဂျဟန္နမ်ကျမည့် သတိပေးချက်များမလာရှိထားသဖြင့် ဤသည်မှာ အလွန်ကြီးလေးသော အပြစ်ပင်ဖြစ်သည်။

ဟဇ်ရသ် မော်လာနာ ခလီးလ်အဟ်မဒ် စဟာရန်ပူရီ ﴿رَحمةُاللهِعليه﴾ က ﴿ بذل المجهود شرح ابى داوود ﴾ ကျမ်းတွင် ရေးသားထားသည်မှာ အထက်ပါဟဒီးဆ်တော်၌ လာရှိထားသော ﴿ ازار ﴾ ဟူသည်မှာ အပေါ်မှဝတ်ဆင်ရသော အဝတ်အစား (ဥပမာ– လုံချည်၊ ပုဆိုး၊ ဘောင်းဘီ၊ အင်္ကျီ စသည်တို့) ကိုဆိုလိုသည်။ အောက်မှ ဝတ်ဆင်ရသော အဝတ်အစား (ဥပမာ– ခြေစွပ်စသည်တို့) များဖြင့် ခြေမျက်စိဖုံးထားလျှင် အပြစ်မထိုက်ပေ။ ထို့ကြောင့် ခြေမျက်စိဖုံးထားချင်သူတို့ ခြေစွပ်ကို ဝတ်ထားကြကုန်။

အခြေအနေနှစ်မျိုး၌ ခြေမျက်စိဖော်ထားရန် အရေးကြီးပေသည်။

(၁) မတ်တပ်ရပ်နေချိန် နှင့် (၂) လမ်းလျှောက်နေချိန်

ထိုင်နေချိန်နှင့် လဲလျောင်းနေချိန်၌ ခြေမျက်စိဖုံးနေလျှင် အပြစ်မထိုက်ပေ။ အချို့သူများက နမာဇ်ဖတ်နေချိန်၌သာ ခြေမျက်စိဖော်ထားရန် အရေးကြီးသည်ဟု ထင်ကြသည်။ ထို့ကြောင့် ဗလီသို့ရောက်မှ ခြေမျက်စိကို ဖော်ထားကြသည်။ ဤသည်မှာ အလွန်မှားယွင်းသော ကိစ္စရပ်ဖြစ်သည်။ အထူးမှတ်သားရန်မှာ နမာဇ်ဖတ်နေချိန်၌သာ ခြေမျက်စိဖော်ထားရန် အရေးကြီးသည်မဟုတ်၊ လမ်းလျှောက်နေချိန်နှင့် မတ်တပ်ရပ်နေချိန်တို့၌လည်း ခြေမျက်စိဖော်ထားရန် အရေးကြီးပေသည်။ သို့မဟုတ်က ဂုနာဟ်ကဗီရဟ် (ကြီးလေးသောအပြစ်) ကျူးလွန်သူဖြစ်ပေမည်။ ဟဇ်ရသ်အလ္လာမဟ် ခလီးလ်အဟ်မဒ် စဟာရန်ပူရီ ﴿رَحْمَةُاللهِعَلَيْهِ﴾ က မိန့်သည်မှာ –

﴿ وَهٰذَافِىْ حَقِّ الرِّجَالِ دُوْنَ النِّسَاءِ ﴾

﴿ بذل المجهود، كتاب اللباس ص ٧٥ ﴾

ဤအမိန့်မှာ အမျိုးသားများနှင့်သာ သက်ဆိုင်သည်။ အမျိုးသမီးများမှာ ခြေမျက်စိဖုံးထားရမည်ဖြစ်သည်။

ဆဟာဗဟ်တစ်ပါးက ကိုယ်တော်မြတ် ﷺ ထံ လျှောက်ထားသည်မှာ "ကျွန်ုပ်၏ခြေသလုံးများ သေးသွယ်သွားခဲ့ပြီး သဘောမှာ ဤရောဂါကြောင့် ကျွန်ုပ်ခြေမျက်စိဖုံးနိုင်သလား" ဟု လျှောက်တင်ရာ တမန်တော်မြတ် ﷺ က ....

﴿ اِنَّ اللهَ لَا يُحِبُّ الْمُسْبِلَ ﴾

﴿ فتح البارى ج ١٠ كتاب اللباص ٢٦٤ ﴾

ခြေမျက်စိဖုံးသူများကို အလ္လာဟ်အရှင် နှစ်သက်တော်မမူပေဟု မိန့်ကြားတော်မူလေသည်။

ခြေမျက်စိဖုံးပြီး အလ္လာဟ်အရှင်၏အချစ်မှ လက်မဲ့ဖြစ်စေခြင်းမှာ အသိဉာဏ်ရှိသူ၏လုပ်ရပ်လော? ဆွဟာဗဟ်တစ်ပါး၏ ခြုံထည် မြေကြီးပေါ်၌ အရွတ်တိုက်နေရာ ကိုယ်တော်မြတ် ﷺ က အမိန့်ရှိသည်မှာ ....

﴿ اَمَا لَكَ فِيَّ اُسْوَةٌ ﴾

﴿ فتح البارى ج ١٠ كتاب اللباص ٢٦٣ ﴾

ကျွန်ုပ်၏ နေထိုင်ကျင့်ကြံသွားလာပုံနည်းလမ်းမှာ အသင့်အတွက် စံနမူနာမဟုတ်သလော။ နှုတ်လျှာမှချစ်သည်၊ ချစ်သည်ဟုဆိုနေခြင်းမှာ မလုံလောက်ပေ။ မိမိချစ်သူ့စကားကို မြေဝယ်မကျ နာယူကျင့်သုံးမှသာ ချစ်ခင်ခြင်းမည်ပေမည်။

لَوْكَانَ حُبُّكَ صَادِقًا لَاَطَعْتَهٗ

اِنَّ الْمُحِبَّ لِمَنْ يُّحِبُّ مُطِيْعٌ

အသင်၏အချစ်မှာ မှန်ကန်လျှင် ချစ်သူအမိန့်ကို နာခံမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ချစ်သူဆိုသည်မှာ မိမိချစ်သူ၏စကားကို မြေဝယ် မကျနာခံမည်သာဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့လည်း အလ္လာဟ်နှင့် ရစူလ်တမန်တော်ကို ချစ်သည်ဆိုလျှင် ၎င်းတို့၏အမိန့်ဗီဆန်မှု မပြုအပ်ပေ။ အလ္လာဟ်နှင့်အလ္လာဟ်ရစူလ်၏အမိန့်ကို နာခံလျှင် ကျွန်ုပ်တို့၏အချစ်သည် မှန်ကန်သောအချစ်ဖြစ်ပေမည်။

✿✳✿

## ၃။ မျက်လွှာကို ထိန်းသိမ်းခြင်း

ယနေ့အခါသမယဝယ် ဤအမှုကိစ္စကို လူအများက ကရု မပြုကြပေ။ အလ္လာဟ်အရှင်မြတ်က ကျမ်းတော်မြတ်ကုရ်အာန်တွင် အတိအလင်းအမိန့်ရှိထားပါလျက် မျက်လွှာမထိန်းခြင်းကို ဂုနာဟ် အကုသိုလ်ဟူ၍ပင် မယူဆကြတော့ပေ။

﴿ قُلْ لِلْمُؤْمِنِيْنَ يَغُضُّوْا مِنْ اَبْصَارِهِمْ ﴾

အဓိပ္ပာယ်။ ။ အို..နဗီတမန်တော်၊ အသင် အီမာန်ရှင်များကို ပြောကြားပါလေ။ မိမိတို့၏အရှု (မျက်လွှာ) ကို ထိန်းသိမ်းကြလေကုန်။ မိမိနှင့် နိကာဟ်ပိုင်သော အမျိုးသမီးများနှင့် မုတ်ဆိတ်မွေး မပေါက်သေးသော လူငယ်များကိုလည်း မကြည့်ရပေ။ ဤသို့ပင် မိမိတို့၏စိတ်ညွှတ်နိုင်သော မုတ်ဆိတ်ပေါက်ပြီးသား အမျိုးသားများကို ကြည့်ခြင်းသည်လည်း ဟရာမ်ပင်ဖြစ်သည်။

အချုပ်မှာ တစ်စုံတစ်ဦးကို ကြည့်ရှုခြင်းဖြင့် မိမိစိတ်ရိုင်းတွင် ဟရာမ်အရသာခံစားရလျှင် ထိုသူဘက်သို့ ကြည့်ခြင်းမှာ ဟရာမ် ဖြစ်သည်။ မျက်လွှာကို ထိန်းသိမ်းခြင်းမှာ အဘယ်မျှ အရေးကြီး သနည်းဟူမူ အလ္လာဟ်အရှင်မြတ်က ကျမ်းတော်မြတ်ကုရ်အာန်တွင် အမျိုးသမီးကို အထူးသီးသန့် မိန့်တော်မူခြင်းဖြင့် သိသာနိုင်သည်။ ﴿ يغضضن من ابصارهن ﴾ အမျိုးသမီးများလည်း မိမိ၏မျက်လွှာကို ထိန်းသိမ်းကြလေကုန်။ နမာဇ်၊ ရိုဇဟ်စသော အခြားအမိန့်ပညတ်ချက်များကို သီးသန့်မိန့်မထားပေ။ အမျိုးသားများကိုသာမိန့်၍ အမျိုးသမီးများကိုမူ အမျိုးသားများ၏ နောက်လိုက်အဖြစ် အကျုံးဝင်စေသည်။ ဗုခါရီကျမ်းတွင် လာရှိထားသော ဟဒီးဆ်တော်တစ်ရပ်မှာ

﴿ زِنَى الْعَيْنِ النَّظَرُ ﴾

﴿ بخاری صی ۹۲۳ ﴾

မျက်စိ၏ဇနောမှာ မျက်လွှာကို မထိန်းသိမ်းခြင်းပင်ဖြစ်သည်။ မျက်စိဖြင့် မကြည့်ပိုင်သောအရာကို ကြည့်ရှုသူသည် စစ်မှန်သော သောင်ဝ်ဗဟ်မပြုမချင်း အလ္လာဟ့်အချစ်တော်ဖြစ်ရန် အိပ်မက်ပင် မမက်နိုင်ပါ။ မစ်ရှ်ကားသ်ကျမ်းလာဟဒီးဆ်တော်တစ်ရပ်မှာ ....

﴿ لَعَنَ اللّٰهُ النَّاظِرَ وَالْمَنْظُوْرَ اِلَيْهِ ﴾

﴿ مشكوة، كتاب النكاح باب النظر الى المخطوبه ﴾

မကြည့်ပိုင်သောအရာကို ကြည့်ရှုသူနှင့် ကြည့်ချင်အောင် ဖော်ထုတ်ပြသသူတို့အပေါ် အလ္လာဟ်အရှင်မြတ်၏ မဟာဂရုဏာတော်မှ ကင်းဝေးတော်မူပါစေဟု ကိုယ်တော်မြတ် ﷺ က ကျိန်စာပို့တော်မူခဲ့၏။ ဤဟဒီးဆ်တော်၌ ကြည့်သူနှင့် ကြည့်ခြင်းခံရသူတို့အပေါ် အလ္လာဟ် ရစူလ်က လအ်နသ်ပို့ထား၏။ အလ္လာဟ့်အချစ်တော်များ၏ ကျိန်စာ သင့်မည်ကို စိုးရိမ်သူတို့၊ တမန်တော်အပေါင်းတို့၏ ခေါင်းဆောင်၏ ကျိန်စာကို ကြောက်ရွံ့ကြလေကုန်။ တမန်တော်မြတ် ﷺ ကို အကြောင်းပြု၍သာ ဝလီ အလ္လာဟ့်ချစ်သူဖြစ်ကြရ၏။ ထို့ကြောင့် ချောမောလှပသူတစ်ဦးဦးအပေါ် အရှုရောက်သွားလျှင် တစ်စက္ကန့်မျှပင် ဆက်ကြည့်မနေဘဲ ချက်ချင်း မိမိအရှုကို ဖယ်ရှားသင့်ပေသည်။ အထက်ဖော်ပြပါ ကျမ်းမြတ်ကုရ်အာန်နှင့် ဟဒီးဆ်တော်များကို ထောက်ရှုခြင်းအားဖြင့် မျက်လွှာမထိန်းသိမ်းသူမှာ ဆုံးရှုံးမှုသုံးခု ရရှိသည်ကို တွေ့ရမည်ဖြစ်သည်။

၁။ အလ္လာဟ်နှင့် အလ္လာဟ့်ရစူလ်၏အမိန့်ကို ဖီဆန်သူ
၂။ မျက်စိဖြင့် ဇေနာကျူးလွန်သူ
၃။ ကျိန်စာသင့်သူ

တစ်ဦးတစ်ယောက်ကို ဤသုံးချက်မှ တစ်ချက်ချက်ဖြင့် အမည်တပ်၍ခေါ်လျှင် နှစ်သက်မည်လော? မည်သူမျှ နှစ်သက်မည်မဟုတ်ပေ။ ထို့ကြောင့် ဤသုံးချက်မှ ကင်းရန် မျက်လွှာကို ထိန်းသိမ်းရန် အရေးကြီးပေသည်။

အချို့သူများက ပြောကြသည်မှာ မျက်စိကို မထိန်းခြင်း (မကြည့်ပိုင်သောအရာကိုကြည့်ရှုခြင်း) ဖြင့် မည်သည့်အရာမျှ ရသွားခြင်း၊ လျော့သွားခြင်းလည်းမရှိ။ မော်လဝီများကသာ ရမယ်ရှာ၍ အလကားကျွန်ုပ်တို့ကို ခြိမ်းခြောက်နေခြင်းသာဖြစ်သည်ဟု ဆိုကြသည်။ မိတ်ဆွေများ သိထားရန်မှာ မော်လဝီများက တားမြစ်နေခြင်းမဟုတ်။ အလ္လာဟ်နှင့် အလ္လာဟ့်ရစူလ်က တားမြစ်နေခြင်းသာဖြစ်သည်။ မော်လဝီများက မတ်(စ)အလဟ်ကို လုပ်နေခြင်းမဟုတ်။ မတ်(စ)အလဟ်ကို ပြသနေခြင်းသာ ဖြစ်သည်။ အထက်၌ ကုရ်အာန်၊ ဟဒီးဆ်အထောက်အထားများကို တင်ပြပြီးဖြစ်သည်။ ကျွန်ုပ် (ဆရာသခင်ကြီး ဟဇ်ရသ် မော်လာနာ ရှားဟ်ဟကီးမ် မုဟမ္မဒ် အခ်သရ်ဆွာဟိဗ်) မေးလိုသည်မှာ မည်သည့်အရာမျှ ရမသွား၊ လျော့မသွားလျှင် အဘယ်ကြောင့်ကြည့်နေကြသနည်း? မကြည့်ကြနှင့်။ ဤသည်တို့ဖြင့်သိရသည်မှာ ကြည့်ရှုပြီး မျက်စိမှ နှလုံးသားထံသို့ ဟရာမ်အရသာ ပို့နေခြင်းပင်ဖြစ်သည်။ ဤသို့ဖြင့် နှလုံးသား ပျက်စီးသွားပေမည်။ မကြည့်ပိုင်သောအရာကို ကြည့်သော ဂုနဟ်ထက်ပို၍ အလ္လာဟ်အရှင်နှင့် ဝေးကွာအောင်ပြုနိုင်သော ဂုနဟ်မရှိ၊

နှလုံးသား၏လားရာ၊ ဦးတည်ချက်ပင် ပြောင်းလဲသွားပေသည်။ နှလုံးသား၏ ဦးတည်ချက်လားရာမှာ ၉၀ ဒီဂရီသို့ရှိရာမှ ၁၈၀ ဒီဂရီသို့ ပြောင်းလဲသွားပေမည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်ကို ကျောခိုင်း၍ မကြည့်ပိုင်သော အရာဘက်သို့ မျက်နှာမူထားသကဲ့သို့ ဖြစ်သွားလိမ့်မည်။ ထို့နောက်တွင်မူ နမာဇ်ဖတ်ချိန်၌ဖြစ်စေ၊ ကျမ်းမြတ်ကုရ်အာန်ရွတ်ဖတ်နေချိန်၌ဖြစ်စေ၊ တစ်ကိုယ်တည်းရှိနေချိန်၌ဖြစ်စေ၊ အချိန်တိုင်းလိုလို အလ္လာဟ်အရှင်မြတ်ကို သတိရနေမည့်အစား အမျိုးသမီးများကိုသာ သတိရနေမည်။ နမာဇ်ကဇွာဖြစ်သွားလျှင်၊ လိမ်လည်၍ စကားပြောဆိုလျှင် တစ်ဦးတစ်ယောက်ကို ဒုက္ခပေးလျှင် အလ္လာဟ်အရှင်မြတ်ဘက်တော်မှ ၄၅ ဒီဂရီ ခန့်သာ တိမ်းစောင်းသွားပေမည်။ သောင်ဘ်ဖတ်ပြုလိုက်လျှင် (သို့မဟုတ်) ဒုက္ခပေးထားသူကို တောင်းပန်လိုက်လျှင် နှလုံးသား၏လားရာ ပြန်လည်တည့်မတ်ကာ အရှင်မြတ်ဘက်တော်သို့ ရောက်ရှိသွားမည်။ မျက်စိကို မထိန်းသိမ်းသောဂုနာဟ်မှာ အလ္လာဟ်အရှင်မြတ်ကို လုံးဝမေ့လျော့စေ၍ လောက၏မတည်မြဲသောလှပမှုကို နှလုံးသား၌ ငြိတွယ်စေသည်။ အချို့ ပုဂ္ဂိုလ်များ၏ ဘဝနိဂုံးမလှသည်လည်းရှိ၏။

﴿ اِنَّ النَّظَرَ سَهْمٌ مِّنْ سِهَامِ اِبْلِيْسَ مَسْمُوْمٌ مَنْ تَرَكَهَا
مَخَافَتِيْ اَبْدَلْتُهُ اِيْمَانًا يَّجِدُ حَلَاوَتَهٗ فِيْ قَلْبِهٖ ﴾

﴿ كنز العمال ، ج ٥ ص ٣٢٨ ﴾

ကန်ဇုလ်အုမ္မာလကျမ်းတွင် ဟဒီးစေကုဒ်စီလာရှိသည်မှာ- အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ- မျက်စိ(အရှု)သည် ရှိုင်တွာန်မိစ္ဆာကောင်၏မြှားများမှ အဆိပ်လူးမြှားတစ်စင်းသာဖြစ်၏။

အကြွင်းသူသည် ငါ့အရှင်အားကြောက်ရွံ့၍ မိမိမျက်လွှာကို ထိန်းသိမ်းသော် ငါသည် ထိုသူ၏ နှလုံးသား၌ အရသာကိုခံစားနိုင်မည့် အီမာန်မျိုးကို ချီးမြှင့်တော်မူမည်။ အလ္လာဟ်အရှင်မြတ်က ချီးမြှင့်တော်မူမည့် အရှင်ဖြစ်ပြီး အီမာန်၏အရသာမှာ နှလုံးသား၌ တည်ရှိနေမည် ဖြစ်သည်။ ဤသည်တို့မှာ တွေးထင်ယူဆချက်များမဟုတ်။ အလ္လာဟ် အရှင်မြတ်၏ 'ဝဟီ' ဖြစ်သည်။ အသင်တို့နှလုံးသား၌ အီမာန်၏ အရသာကို ရရှိပြီဟု အသင်တို့ ထင်မြင်လိုက်ကြဟု အမိန့်မရှိထားဘဲ ﴿جبرا﴾ အီမာန်၏အရသာကို နှလုံးသား၌ ရရှိခံစားရမည်ဟု မိန့်တော်မူထားသည်။

မိတ်ဆွေတို့ လက်တွေ့ကျင့်ဆောင်ကြည့်ကြပါ။ ကမ္ဘာ့တိုက်ကြီး ခုနစ်တိုက်ပိုင်ဆိုင်မှုပင် ဘာမှတန်ဖိုးမရှိတော့မည့် အရသာမျိုးကို ရရှိမည်။ အလ္လာမဟ်အဗ္ဗလ်ကာစင်မ် ကုရှိုင်ရီ ﴿رحمة الله عليه﴾ က ကုရှိုင်ရီယဟ်စာစောင်၌ ရေးသားထားသည်မှာ "အလ္လာဟ်အရှင်မြတ်သည် မျက်လွှာကိုထိန်းသိမ်းရန် အမိန့်ပေးပြီး မျက်စိ၏အရသာကို ရုပ်သိမ်းလိုက်သည်။ ၎င်းအစား မပျက်စီးမည့်နှလုံးသား၏အရသာကို ချီးမြှင့်တော်မူပေမည်။"

မုလ်လ္လာအလီကာရီ ﴿رحمة الله عليه﴾ က အမိန့်ရှိသည်မှာ....

﴿ وَقَدْ وَرَدَ اَنَّ حَلَاوَةَ الْاِيْمَانِ اِذَا دَخَلَتْ

قَلْبًا لَا تَخْرُجُ مِنْهُ اَبَدًا ﴾

﴿ مرقاة ج ١ ص ٧٤ ﴾

အီမာန်၏အရသာ ဝင်သွားပြီးသည့်နှလုံးသားမှ အဆိုပါ အရသာမှာ ဘယ်တော့မှထွက်သွားမည်မဟုတ်။ မုလ်လ္လာအလီကာရီ

﴿رحمة الله عليه﴾ က ဆက်လက်အမိန့်ရှိသည်မှာ ....

﴿ فَفِيهِ اِشَارَةٌ اِلٰى بِشَارَةِ حُسْنِ الْخَاتِمَةِ ﴿مرقاة﴾ ﴾

အထက်ပါအဆိုဌ် ဘဝနိဂုံး အဆုံးကောင်းမည့် (သေခြင်းကောင်းမည့်) သတင်းကောင်းရှိပေမည်။ အဘယ်ကြောင့်ဆိုသော် အီမာန်၏အရသာ ထွက်မသွားလျှင် နိဂုံး၌ အီမာန်ဖြင့်ပင် အဆုံးသတ်မည်။ ထို့ကြောင့် မျက်လွှာကို ထိန်းသိမ်းစောင့်ရှောက်သူအတွက် နိဂုံးကောင်းမည့် အာမခံချက်ရှိသည်။ မိတ်ဆွေတို့- ယနေ့ ဤကြီးကျယ်သောရတနာကို ဈေးများ၊ လေဆိပ်များ၊ ဘူတာရုံများစသည့် လူအများစုရုံးကြသည့်နေရာများ၌ ဝေငှလျက်ရှိနေပြီ။ ထိုနေရာများ၌ မိမိမျက်လွှာကို ထိန်းသိမ်းခြင်းအားဖြင့် အီမာန်၏အရသာနှင့် ဘဝအဆုံးကောင်းမည့် အာမခံချက်ကို ရရှိနိုင်ပေပြီ။ ထို့ကြောင့်ပင် ကျွန်ုပ်ပြောဆိုနေသည်မှာ ယနေ့ အမျိုးသမီးများ၏ လုံခြုံမှုကင်းမဲ့မှုများ ပေါ်များနေသကဲ့သို့ အီမာန်၏အရသာသည်လည်း လွယ်လွယ်နှင့် ရနိုင်ပေသည်။ မျက်လွှာကိုထိန်း၍ အီမာန်၏အရသာကို ခံစားကြပါ။

✿✳✿

## ၄။ နှလုံးသားကိုထိန်းသိမ်းစောင့်ရှောက်ခြင်း

မျက်လွှာကို ထိန်းသိမ်းခြင်းနှင့်အတူ နှလုံးသားကို ထိန်းသိမ်းရန် အရေးကြီးပေသည်။ အချို့သူများက မိမိ၏မျက်လွှာကို ထိန်းသိမ်းသော်လည်း နှလုံးသားကိုမူ ထိန်းသိမ်းမှုမရှိကြပေ။ နှလုံးသားတွင် ချောမောလှပသူများကို ရုပ်လုံးဖော်ကာ စဉ်းစား၍ ဟရာမ်အရသာကို ခံစားနေကြသည်။ ကောင်းစွာသိထားရန်မှာ ဤသည်လည်း ဟရာမ် ဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်က မိန့်တော်မူသည်မှာ....

﴿ يَعْلَمُ خَائِنَةَ الْأَعْيُنِ وَمَا تُخْفِي الصُّدُورُ ﴾ (الآيه)

အသင်တို့ မျက်စိ၏ ခိုးဝှက်မှုများနှင့် နှလုံးသားတွင် ဖုံးကွယ်ထားသောအရာများကို အလ္လာဟ်အရှင်မြတ်သိတော်မူသည်။ အသင်တို့နှလုံးသားတွင် ရယူခံစားနေကြသော ဟရာမ်အရသာကို အလ္လာဟ်အရှင်မြတ် ကောင်းစွာသိတော်မူသည်။ သူတော်စင်တစ်ပါးက အမိန့်ရှိသည်မှာ "မျက်စိ၏ ခိုးဝှက်မှုများနှင့် ရင်တွင်း ဖုံးကွယ်မှုများကို လိုလားတောင့်တမှုကင်းသော အို. . .အရှင်၊ အသင် အကြွင်းမဲ့ သိမြင်တော်မူသည်။"

အတိတ်ကကျူးလွန်ခဲ့သော ဖြစ်ပျက်မှုများ သတိရလာခြင်းမှာ ပြဿနာမဟုတ်။ ၎င်းတို့ကိုစဉ်းစားခြင်းမှာ အပြစ်ထိုက်၏။ ညစ်ညမ်းသောအတွေးများ ပေါ်လာခြင်းဖြင့် အပြစ်မထိုက်သော်လည်း ၎င်းအတွေးများထဲ နစ်မျောနေခြင်း အပြစ်ထိုက်ပေသည်။ လွန်ခဲ့သော ကာလက ဖြစ်ပျက်မှုများကို စဉ်းစားကာ အရသာခံယူခြင်း သို့မဟုတ် အပြစ်ကျူးလွန်ရန် ကြိုတင်ပြင်ဆင်ကာ သေသေချာချာစဉ်းစားခြင်း သို့မဟုတ် ချောမောလှပမှုကို နှလုံးသားဖြင့် အရသာခံစားခြင်းတို့သည်

ဟရာမ်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ အမျက်တော်စူးရှမည့် အကြောင်းခံဖြစ်သည်။ နှလုံးသားထဲ၌ ညစ်ညမ်းသောကိစ္စများကို စဉ်းစားခြင်းဖြင့် ရရှိမည့် ကြီးမားသောဆုံးရှုံးမှုကြီးမှာ ဖြစ်မှု ကျူးလွန်ချင်စိတ် ပြင်းထန်လာခြင်းပင်ဖြစ်သည်။ ဤသို့ဖြင့် ခန္ဓာ ကိုယ်အစိတ်အပိုင်းများ အပြစ်ဒုစရိုက်တွင် ကျူးလွန်မိရန် စိုးရိမ် ရလေသည်။ အလ္လာဟ်အရှင်မြတ်ထိန်းသိမ်းတော်မူပါစေ။ ဖော်ပြပါ ဟရာမ်ကိစ္စများမှ ကာကွယ်ထိန်းသိမ်းတော်မူပါစေ။ ထိုသို့ကာကွယ်မှု ကို ရရှိပါက အင်ရှာအလ္လာဟ်၊ အခြားဂုနဟ်များအားလုံးကို ရှောင် ကြဉ်ရန် လွယ်ကူသွားပေမည်။

## အထက်ဖော်ပြပါအချက်များ ဆောင်ရွက်နိုင်ကြရန် အထောက်အကူပြုမည့် သပ်(စ်)ဗီးဟ် (၄) ရပ်

အထက်ပါကျင့်စဉ်များကျင့်ရန် အခွင့်အလမ်းရစေမည့် အောက် ဖော်ပြပါ သစ်ဗီးဟ်တော် (၄) ရပ် ဖတ်ရွတ်ခြင်းဖြင့် နာမ်ပိုင်းဆိုင်ရာ (ဝိညာဉ်) အားအင်ဖြစ်လာမည်။ ဝိညာဉ်တွင် အားအင်ဖြစ်လာလျှင် ဂုနဟ်ဒုစရိုက်မှ ရှောင်ကြဉ်ရန် လွယ်ကူသွားပေမည်။

(၁) لَا اِلٰهَ اِلَّا اللّٰهُ အကြိမ် (၁၀၀)

မစ်ရှ်ကားသ်ကျမ်းလာ ဟဒီးဆ်တော်တစ်ရပ်မှာ–

﴿ لَا اِلٰهَ اِلَّا اللّٰهُ لَيْسَ لَهَا حِجَابٌ دُوْنَ اللّٰهِ ﴾

﴿ مشكوة باب ثواب التسبيح والتحميد والتهليل والتكبير ص٢٠٢ ﴾

لَا اِلٰهَ اِلَّا اللّٰهُ

"လားအိလားဟ၊ အိလ္လလ္လာဟု" နှင့် အလ္လာဟ်အရှင်မြတ်ကြား၌ အကာအဆီးမရှိပေ။ ဗန်ဒဟ်လူသားသည် မြေပြင်၌ ဤကလိမဟ်တော်ကို ဖတ်ရွတ်လျှင် အရ်ရှ်ပလ္လင်တော်အထိ ရောက်ရှိသွားပေသည်။ ﴾لا اله الا الله﴿ ဖတ်ရွတ်ရန်နည်းလမ်းမှာ

لا اله ဖတ်ရွတ်ချိန်၌ ကျွန်ုပ်၏ لا اله သည် အရ်ရှ်ပလ္လင်ဘက်သို့ ရောက်ရှိသွားပြီဟု အနည်းငယ် အာရုံပြုကာ၊ الا الله ဖတ်ရွတ်ချိန်၌ အရ်ရှ်ပလ္လင်မှ နူရ်တိုင်တစ်တိုင်မှတစ်ဆင့် အလ္လာဟ်အရှင်မြတ်၏နူရ်သည် ကျွန်ုပ်၏နှလုံးသားထဲသို့ ဝင်နေသည်ဟု အနည်းငယ်အာရုံပြုပါ။ ၈ ကြိမ်၊ ၁၀ ကြိမ်ခန့် ﴾لا اله الا الله﴿ ရွတ်ဆိုပြီးနောက် ﴾محمد رسول الله﴿ ဆိုကာ ကလိမဟ်တော်ကို အပြည့်ဖတ်လိုက်ပါ။

၂။ ﴾الله﴿ အကြိမ် (၁၀၀)

ပထမဦးဆုံးအကြိမ် ﴾الله﴿ ဟု ရွတ်ဆိုချိန်

﴾جَلَّ جَلَالُهُ﴿ ဝါဂျစ်ဗ်ဖြစ်သည်။ တနည်းဆိုသော် ထိုင်ဝိုင်းတစ်ခု၌ အလ္လာဟ်အရှင့်နာမတော် ဆိုလိုက်လျှင် တစ်ကြိမ် ﴾جَلَّ جَلَالُهُ﴿ ဆိုခြင်း ဝါဂျိဗ်ဖြစ်သည်။ ချစ်စွဲလန်းခြင်းဖြင့် အလ္လာဟ့်နာမတော် တ,သပါ။ ကျွန်ုပ်၏မျက်နှာ၌ နှုတ်လျှာတစ်ခုရှိပြီး နှလုံးသား၌ နှုတ်လျှာတစ်ခုရှိသည်။ ထိုနှုတ်လျှာနှစ်ခုလုံးဖြင့် အလ္လာဟ့်နာမတော် တ,သနေသည်ဟု ယူဆ၍ တ,သပါ။ ကျွန်ုပ်၏အမွေးအမင်တိုင်းမှ အလ္လာဟ်အရှင့်နာမတော် တ,သနေသည်ဟု အာရုံပြုပါ။ အနည်းငယ်မျှ အာရုံပြုခြင်း လုံလောက်လေသည်။ အတင်းအဓမ္မ စဉ်းစားပြီး ဦးနှောက်ကို ဒုက္ခမပေးသင့်ပါ။

၃။ **အိစ်သစ်ဂ်ဖါရ် အကြိမ် (၁၀၀) နှစ်သက်ရာ အိစ်သစ်ဂ်ဖာရ် ရွတ်ဆိုပါ။**

ဥပမာ –

﴿ رَبِّ اغْفِرْ وَارْحَمْ وَاَنْتَ خَيْرُ الرّٰحِمِيْنَ ﴾

အို…အရှင်၊ ကျွန်ုပ်တို့၏ ဂုနာဟ်ဒုစရိုက်များကို ချမ်းသာခွင့်လွှတ်တော်မူပါ။ ၎င်းနောက် ကျွန်ုပ်တို့အပေါ် သနားကြင်နာတော်မူပါ။ အရှင်မြတ်မှာ သနားကြင်နာတော်မူဆုံးသော အရှင်ဖြစ်တော်မူ၏။ ဟဇ်ရသ် ဟကီမွလ် အုမ္မသ် မော်လာနာ အရှ်ရဖ်အလီ ထာနဝီ ﴿رَحْمَةُ اللهِ عَلَيْهِ﴾ က 'ရဟ်မသ်'၏ အကျယ်ကို လေးမျိုး ဖွင့်ဆိုထား၏။

## ၁ အမိန့်နာခံနိုင်သော စွမ်းအားရရှိခြင်း

ဂုနာဟ်ဒုစရိုက်များကြောင့် အလ္လာဟ်အရှင်မြတ်ကို ခဝပ်ကိုးကွယ်မှုနှင့် အမိန့်နာခံနိုင်သော စွမ်းအားရုပ်သိမ်းခြင်း ခံလိုက်ရသောအခါ ဗန္ဒဟ်က အလ္လာဟ်အရှင်မြတ်ထံတော်ပါးဝယ် ခွင့်လွှတ်ပါရန် တောင်းပန်ပြီး အို… အလ္လာဟ်အရှင် ကျွန်တော်မျိုးအား အေဗာဒသ်ပြုလုပ်နိုင်သည့် အခွင့်အရေးနှင့် အမိန့်နာခံနိုင်သည့် စွမ်းအား ချီးမြှင့်တော်မူပါ။ ၎င်းတို့သည် ကျွန်တော်၏ မထိုက်တန်မှုကြောင့် ရုပ်သိမ်းခြင်းခံခဲ့ရပါပြီ။ မိမိအပြစ်များကို ခွင့်လွှတ်ပါရန် တောင်းပန်ပါသည်။ ၎င်းအခွင့်အရေးကို ပြန်လည်၍ ချီးမြှင့်တော်မူပါဟု လျှောက်ထားပါ။

## ၂ ရိဇ်ဇ်ရိကွာ ကျယ်ဝန်းပေါများခြင်း

ဂုနာဟ်ဒုစရိုက်များကြောင့် ကျွန်ုပ်တို့၏ရိဇ်ဇ်လည်း ကျပ်တည်းသွား၏။ ဂုနာဟ်မှ သောင်ဗ်ဗဟ်အမှားဝန်ခံ၍ ကျွန်ုပ်တို့၏ရိဇ်ဇ်ကို

ကျယ်ဝန်း ပေါများအောင်၊ ဘရကသ်မင်္ဂလာများ ချီးမြှင့်ရန် တောင်းခံလျှင် အရှင်မြတ်က ချီးမြှင့်တော်မူလေသည်။ ဘရကသ်၏အလိုသဘောမှာ ﴿قليل كثير النفع﴾ အရေအတွက်နည်းသော်လည်း အကျိုးအမြတ်များခြင်းကို ဆိုလိုသည်။

**၃ စစ်ကြောမေးမြန်းမှုမခံရဘဲ လွတ်ငြိမ်းချမ်းသာမှုရရှိခြင်း**

စစ်ကြောမေးမြန်းခြင်းမခံရဘဲ ဒုစရိုက်များမှ လွတ်ငြိမ်းချမ်းသာမှု ရရှိမည်။ (အို...အလ္လာဟ်၊ ကိယာမသ်နေ့၌ ကျွန်ုပ်တို့ကို စစ်ဆေးတော်မူခြင်း မပြုပါနှင့်) တမန်တော်မြတ်သခင် ﷺ က မိန့်တော်မူသည်မှာ ....

﴿مَنْ نُوقِشَ عُذِّبَ﴾ အလ္လာဟ်အရှင်မြတ် စာရင်းစစ်ကြေခြင်း ခံရသူသည် အပြစ်ဒဏ်ခံရမည်သာ ဖြစ်တော်မူ၏။

**၄ ဂျန္နသ်သို့ ဝင်ခွင့်ရရှိခြင်း**

ဂျန္နသ်သို့ အစဦးပိုင်းတွင်ပင် ဝင်ခွင့်ရရှိခြင်း။ ဗန်ဒဟ်ဘက်မှ "အို...အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် မိမိပြစ်မှုများမှ ဝန်ချတောင်းပန်ခဲ့လေပြီ။ ကိယာမသ်နေ့၌ ကျွန်ုပ်ကို အပြစ်ဒဏ်ခတ်တော်မမူဘဲ ဂျန္နသ်သို့ အစဦးပိုင်းတွင်ပင် ဝင်ရောက်ခွင့် ချီးမြှင့်တော်မူပါ" ဟု တောင်းခံသကဲ့သို့ ဖြစ်သည်။

**၄။ ဒရူးဒ်ရှရီးဖ် အကြိမ် (၁၀၀)**

နေ့စဉ် အကြိမ် (၁၀၀) ဒရူးဒ်ရှရီးဖ် ဖတ်ပါ။

ဥပမာ- ﴿صَلَّى اللّٰهُ عَلَى النَّبِيِّ الْأُمِّيِّ﴾

ဤကိုတောင်းသော ဒရူးဒ်လည်း ဟဒီးဆ်တော်၌လာရှိသော ဒရူးဒ်ပင်ဖြစ်သည်။ ကျွန်ုပ်၏ ပထမ ရှိုက်ခ် ဟာဇီရသ် မော်လာနာ ရှားဟ်အဗ္ဗဒုလ်ဂနီ ဖုလ်ပူရီ ﴿رحمۃ اللہ علیہ﴾ က ဒရူးဒ်ဖတ်နည်းကို အောက်ပါအတိုင်း သင်ပေးထားသည်။

﴿ صَلَّى اللّٰهُ عَلَى النَّبِيِّ الْأُمِّيِّ ﴾

ဒရူးဒ်ရွတ်ဖတ်နေယင်း စဉ်းစားရန်မှာ ကျွန်ုပ်သည် တမန်တော်မြတ်သခင် ﷺ ၏ ရောင်သွာသင်္ချိုင်းတော်ရှေ့၌ ရပ်နေသည်။ မိုးပေါ်မှ တမန်တော်မြတ်သခင် ﷺ ပေါ်သို့ ရဟ်မသ်တော်များ မရေမတွက်နိုင်အောင် မိုးရွာသွန်းသကဲ့သို့ ဖြိုင်ဖြိုင်ကျနေသည်။ ၎င်းတို့အထဲမှ အချို့အစက်အပေါက်များ ကျွန်ုပ်ပေါ်သို့လည်းကျနေသည်ဟု ယူဆပါ။

ဟာဇီရသ် မော်လာနာ ရရှီးဒ် အဟ်မဒ်ဂန်ဂိုဟီ ﴿رحمۃ اللہ علیہ﴾ ထံ တစ်ဦးတစ်ယောက်က ....

"ကျွန်ုပ် အိစ်သစ်ဂ်ဖာရ်ကို အရင်ဖတ်ရမည်လော၊ ဒရူးဒ်ကို အရင်ဖတ်ရမည်လော" ဟု မေးလျှောက်ရာ သခင်ကြီးက ....

"ညစ်ပေနေသောအဝတ်ကို အရင်လျှော်မည်လော၊ ရေမွှေး အရင် ဆွတ်မည်လော" ဟု ပြန်လည်ဖြေကြားလေသည်။ ထို့ကြောင့် ဝိညာဉ်ကို ညစ်ညမ်းစေသော ဂုနဟ်ဒုစရိုက်များကို အိစ်သစ်ဂ်ဖါရ်ဖြင့် အရင်ဆေးကြော၍ နောက်မှ ဒရူးဒ်ရှရီးဖ်၏ အမွှေးအကြိုင်ကို ဆွတ်ကြလေကုန်။

အထက်ဖော်ပြပါ သစ်ဗီးဟ်များကို စွဲစွဲမြဲမြဲရွတ်ဖတ်လျှင် နှလုံးသားတွင် 'နူရ်' ဖြင့် ပြည့်သွားမည်။ အတွင်းပိုင်းအင်အား ပြည့်ဖြိုးသွားမည်။ ဂုနဟ်ဒုစရိုက်၏အမှောင်ထုမှ ရှုံ့ရှာလာမည်။

ဇိက်ရ်ပြုသူနှင့် ဇိက်ရ်မပြုသူ၏ ကွာခြားမှုမှာ ဤသည်ပင်ဖြစ်သည်။ ဇိက်ရ်ပြုသူသည် ဂုနဟ်ဒုစရိုက်ကျူးလွန်ပြားလည်း ဂုနဟ်၏ အမှောင်ထု ချက်ချင်းသိရှိသွားပေမည်။ အလ္လာဟ်အရှင်မြတ် ထံတော်ဝယ် အမှားဝန်ခံကာ ဂုနဟ်ကို ကောင်းမှုဖြင့် အစားထိုး လိုက်မည်ဖြစ်သည်။ ဇိက်ရ်မပြုသူသည် မျက်ကန်းနှင့်တူ၍ အမှောင်ကို သိနိုင်မည်မဟုတ်ပေ။

ထို့ကြောင့် အထက်ပါသစ်ဗီးဟ်တော်များကို စွဲစွဲမြဲမြဲကျင့်ကြံ ခြင်းဖြင့် အင်န်ရှာအလ္လာဟ်၊ အတွင်းပိုင်းဝိညာဉ်အင်အား တိုးပွားလာပြီး နဖ်စ်နှင့် ရှိုင်သွာန်တို့၏နှောင့်ယှက်မှုများကို တွန်းလှန်နိုင်မည့် အင်အားများ ရရှိလာမည်။ ဟရာမ်ကိစ္စကြီး (၄) ရပ်မှလည်း လွယ်ကူစွာ ရှောင်ကြဉ်လာနိုင်မည်။ ဤသို့ဖြင့် တဖြည်းဖြည်းနှင့် ဂုနဟ်ဒုစရိုက် လုပ်ရဲတော့မည်မဟုတ်။ ဂုနဟ်ဒုစရိုက်မှ ရှောင်ကြဉ်မှသာလျှင် အလ္လာဟ်အရှင်မြတ်၏အချစ်တော် ဖြစ်လာမည်။ အလ္လာဟ်အရှင် မြတ်က မိန့်တော်မူသည်မှာ ....

﴿ اِنْ اَوْلِيَاءُهٗ اِلَّا الْمُتَّقُوْنَ ﴾

ဂုနာဟ်မှ ရှောင်ကြဉ်သူသာလျှင် ငါ၏အချစ်တော် ဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်၏ အချစ်တော်ဖြစ်ရန် အဓိကပင်မ အချက်မှာ– သပ်(က်)ဝါ (ဂုနဟ်များမှ ရှောင်ကြဉ်ခြင်း) ပင်ဖြစ်သည်။ ယုတ်စွအဆုံး သူတော်စင်များ၏ အဆင့်အမြင့်ဆုံးအဆင့်ဖြစ်သော ‘မကာမေ စွတ်ဒ်ဒီကီယပ်(သ်)’ ﴿مقام صديقيت﴾ ရရန် သက်ဝါအပေါ်၌သာ မူတည်သည်။ ဂုနဟ်များမှ ရှောင်လေလေ၊ အလ္လာဟ်အရှင်မြတ်၏ အနီးကပ်ဆုံးဖြစ်သော အချစ်တော်ဖြစ်လေလေပင်ဖြစ်သည်။ ဂုနဟ် များမှ ရှောင်ရန် နှလုံးသားတွင် ပြင်းထန်စွာ ခံစားရသည်။ ဆွဗရ်ဟူ

သည့် အလွန်ခါးသီးသော သည်းခံမှုများကိုလည်း လက်ကိုင်ပြုရသည်။ ဤသို့ခံစားရမှသာလျှင် အလ္လာဟ်အရှင်မြတ်၏အချစ်တော်ဟူသည့် ချီးမြှင့်မှုကို ရရှိမည်ဖြစ်သည်။

အလ္လာဟ်အရှင်မြတ် ကျွန်ုပ်တို့အား လိုက်နာကျင့်သုံးနိုင်စွမ်း ချီးမြှင့်တော်မူပါစေ။ ပြည့်ဝသော သက်(က)ဝါတရားကို ချီးမြှင့်တော်မူပါစေ၊ မထိုက်တန်သော်လည်း မိမိ၏အာသနားတော်သက်သက်ဖြင့်သာ သူတော်စင်များ၏အဆင့်အတန်းတွင် အမြင့်ဆုံးဖြစ်သော ဆစ်ဒ်ဒီကိ ယသ်၏ အဆုံးအစွန်အထိ ကျွန်ုပ်တို့အား ပို့ပေးသနားတော်မူပါ။

﴿ اِنْ اَوْلِيَاءُهٗ اِلَّا الْمُتَّقُوْنَ ﴾

အို...အလ္လာဟ်အရှင်၊ အရှင်မြတ်ဖန်ဆင်းထားသော နေရောင်ခြည်သည် မသန့်သောအရာပေါ်သို့ ကျရောက်သွားလျှင်လည်း ထိုအရာကို လက်မဲ့မဖြစ်စေပါ။ အို...အရှင်၊ အရှင်၏ချီးမြှင့်မှုများသည် ထိုက်တန်မှုကို မရှာဖွေပါ။ အို...ကြီးမားစွာ ချီးမြှင့်တော်မူသောအရှင်၊ မိမိ၏ချီးမြှင့်မှု ရောင်ခြည်တန်းတစ်တန်းလောက် ကျွန်ုပ် မထိုက်တန်သူအပေါ်သို့ ကျရောက်စေတော်မူပါ။ အရှင်မြတ် ကျွန်တော်မျိုးအား မိမိအချစ်တော်အဖြစ် ဆွဲယူတော်မူပါ။ **အာမီးန်**

﴿ ربنا تقبل منا انك انت السميع العليم ﴾

မြေပြင်ထက်ဝယ်နေကြသူတို့ မိမိတို့ပြစ်မှုများကြောင့် မျှော်လင့်ချက်မကင်းမဲ့ကြနှင့်။ ပူဆွေးသောကကြောင့်ကြမှုဖြင့် တောင်းခံသော ဒုအာကြောင့် ကံတရားပင်ပြောင်းလဲသွားနိုင်သည်။

✿✲✿

200/.

# ولی اللہ
# بنانے والے چار اعمال

عارف باللہ حضرت اقدس مولانا شاہ حکیم **محمد اختر** صاحب دامت برکاتہم

ناشر مولوی حافظ محمد صالح ہاشم بوڈی

**خانقاہ امدادیہ اشرفیہ**

گلشن اقبال بلاک نمبر ۲ کراچی فون ۴۹۸۱۹۵۸